**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org




အလဲဗင်း သတင်းဌာနမှ ရိုက်ကူးထားပြီး၊ အေအေပီပီမှ ၂၀၁၅ ခုနှစ် ဇွန်လတွင် အသုံးပြု

## လက်ရှိအခြေအနေ အကျဉ်းချုပ်

ဇွန်လကုန်တွင် မြန်မာနိုင်ငံအတွင်း နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၁၆၉ ဦး ဆက်လက်ဖမ်းဆီး ထိန်းသိမ်းခံနေရပြီး နိုင်ငံရေးတက်ကြွလှုပ်ရှားသူ စုစုပေါင်း ၄၄၆ ဦးတို့သည် တရားရင်ဆိုင်နေရပါသည်။

# ၂၀၁၅ ခုနှစ်၊ ဇွန်လ၊ နိုင်ငံရေး အကျဉ်းသားများ အခြေအနေပြ လစဉ်အစီရင်ခံစာ

## မာတိကာ

- တစ်လအတွင်း သုံးသပ်ချက်
- ထိန်းသိမ်းခံရခြင်းများ
- ထောင်ဒဏ်ချမှတ်ခံရခြင်းများ
- ထောင်မှ လွှတ်မြောက်မှုများ
- ထောင်တွင်း အခြေအနေများ
- နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ၊
- နိုင်ငံရေးအကျဉ်းသားဟောင်းများအပေါ် ကန့်သတ်တားမြစ်ချက်များ
- မြေယာသိမ်းဆည်းမှုများ
- အရေးပါသော နိုင်ငံတကာဆိုင်ရာ တိုးတက်မှုများ
- နိဂုံးချုပ်နှင့် သုံးသပ်ချက်
- အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links

# တစ်လအတွင်း သုံးသပ်ချက်

ယခုလတွင် နိုင်ငံရေး တက်ကြွလှုပ်ရှားသူ ၂၄ ဦး တရားစွဲဆိုခံရပြီး ထို ၂၄ ဦးထဲမှ ဘုန်းကြီးတစ်ပါး ဖမ်းဆီးခံထားရပါသည်။ တက်ကြွလှုပ်ရှားသူ ၁၇ ဦး ထောင်ဒဏ်ငွေဒဏ်များ ချမှတ်ခံခဲ့ရကာ၊ နိုင်ငံရေးအကျဉ်းသား ၇ ဦး ထောင်ဒဏ်များ ပြီးဆုံးသဖြင့် အကျဉ်းထောင်များမှ ပြန်လည်လွတ်မြောက်ခဲ့ပါသည်။ ထို့အပြင် လက်ရှိအကျဉ်းကျခံနေရသည့် နိုင်ငံရေးအကျဉ်းသား ၄ ဦး၏ ကျန်းမာရေးအခြေအနေများ ဆိုးရွားနေကြောင်းလည်း သိရှိရပါသည်။

၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် လွှတ်တော်အတွင်း ဖွဲ့စည်းပုံပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ခဲ့ကြပြီး၊ ဖွဲ့စည်းပုံ ပြင်ဆင်အတည်ပြုရန်အတွက် မဲအရေအတွက် ၇၅ ရာခိုင်နှုန်း လိုအပ်သော်လည်း ကိုယ်စားလှယ် ၅၃၈ ဦး တက်ရောက်ခဲ့သည့် လွှတ်တော်အတွင်း မဲအရေအတွက် ၆၇ ရာခိုင်နှုန်း ရရှိခဲ့ပါသည်။ စစ်တပ်ကိုယ်စားလှယ်များမှ ၎င်းတို့၏ဗီတိုအာဏာအား မစွန့်လွှတ်ပဲ လွှတ်တော်အတွင်း လွှမ်းမိုးထားကြောင်းကို ထိုရလာဒ်မှ သက်သေပြ လိုက်ခြင်းပင်ဖြစ်သည်။ ထိုဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရန် ပါယ်ချခံလိုက်ရသောကြောင့် အခြား အဓိကကျသည့် နောက်ဆက်တွဲ အကျိုးဆက်များမှာ ၂၀၁၅ ခုနှစ် သမ္မတအဖြစ် ရွေးကောက်ရာတွင် ဒေါ်အောင်ဆန်းစုကြည် ပါဝင်ယှဉ်ပြိုင်နိုင်ခွင့် မရရန် ဖွဲ့စည်းပုံပြင်ဆင်ရေးအား စစ်တပ်မှ ဆက်လက်၍ တားမြစ်ထားနိုင်ခြင်းပင်ဖြစ်သည်။ သို့သော်လည်း ဖွဲ့စည်းပုံပြင်ဆင်ရေး မဲခွဲဆုံးဖြတ်ပြီးနောက် တိုင်းပြည် ပြုပြင်ရေးအတွက် မည်သူများမှ ပြုလုပ်နေကြောင်းကို ပြည်သူများအနေဖြင့် ယခုအခါတွင် ရှင်းရှင်းလင်းလင်း သိမြင်နိုင်ခြင်းကြောင့် ထိုကဲ့သို့ မဲရှုံးနိမ့်ခဲ့ရခြင်းသည် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အတွက် အကျိုးအမြတ်များ ရရှိစေကြောင်း ဒေါ်အောင်ဆန်းစုကြည်မှ ပြောကြားသွားခဲ့ပါသည်။

ဇွန်လ ၁၈ ရက်နေ့တွင် ပြည်သူ့လွှတ်တော်မှ အငြင်းပွါးဖွယ်ရာ ပညာရေးဥပဒေအား ပြင်ဆင်မှုကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ယခုနှစ်ဦးပိုင်းတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များမှ တက်ကြွလှုပ်ရှားသူ ကျောင်းသားများအား ထိုပညာရေး ဥပဒေနှင့်စပ်လျဉ်းပြီး ကတိကဝတ်များပြုခဲ့ပြီး၊ ထိုကတိကဝတ်များကို အလေးထားရန် ပျက်ကွက်ခဲ့သောကြောင့် ကျောင်းသားများမှ ထိုမဲခွဲ ဆုံးဖြတ်မှုအပေါ် စိတ်ပျက်ခဲ့ကြရပါသည်။ အစိုးရနှင့်ကျောင်းသားများ ဆွေးနွေးစဉ်အတွင်း ပညာရေးဥပဒေအား ပြုပြင်ရာတွင် အဓိကကျသည့် အချက်အလက်များ ထည့်သွင်းရမည့် သဘောတူညီချက်အတိုင်း ထိုမဲခွဲဆုံးဖြတ်မှုမှ ပြုလုပ်ခဲ့ခြင်း မရှိသောကြောင့် တက်ကြွလှုပ်ရှားသူ ကျောင်းသားတစ်ဦးမှ ပြင်ဆင်ပြဋ္ဌာန်းခဲ့သော ပညာရေးဥပဒေသည် "အစိုးရနဲ့ ကျောင်းသားတွေ ဆွေးနွေးတုန်းက ကျောင်းသား ခေါင်းဆောင်တွေရဲ့ တောင်းဆိုချက် ၁၁ ချက်နဲ့ အယူအဆရော အနှစ်သာရပါ လုံးဝကွဲပြားခြားနားနေတယ် သူတို့က သူတို့ရဲ့ ကတိတွေကိုရော သဘောတူညီချက်တွေကိုပါ ဖေါက်ဖျက်ခဲ့တယ်" ဟု ပြောကြားခဲ့ပါသည်။

ပညာရေးဥပဒေအား ဆန့်ကျင်ဆန္ဒပြသဖြင့် ၂၀၁၅ ခုနှစ်၊ မတ်လ၊ လက်ပံတန်းမြို့တွင် ဖမ်းဆီးခံရသည့် ကျောင်းသားများနှင့် တက်ကြွလှုပ်ရှားသူများသည် ဆက်လက် တရားရင်ဆိုင်နေရပါသည်။ ကျောင်းသားများမှ ၎င်းတို့အား အကြမ်းဖက် နှိမ်နင်းခဲ့သည်ကို တုန့်ပြန်သည့်အနေဖြင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (ဗ-က-သ) သည် အစိုးရမဟုတ်သော လူ့အခွင့်အရေး အဖွဲ့အစည်းတစ်ခုဖြစ်သည့် Equality Myanmar အဖွဲ့၏အကူအညီဖြင့် ဆန္ဒပြပွဲအား အကြမ်းဖက်ဖြိုခွဲရာတွင် တာဝန်ရှိသည့်ရဲများအား တရားစွဲဆိုရန် ပြင်ဆင်နေကြောင်း သိရှိရပါသည်။ ထိုအဖွဲ့ နှစ်ဖွဲ့မှ သက်သေများ စုဆောင်းပြီး တိုင်တန်းစာရေးသားကာ မြန်မာအမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ပါဝင်ဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိကြောင်းလည်း သိရှိရပါသည်။

ယခုလ အစောပိုင်းတွင် နိုင်ငံရေးအကျဉ်းသားများနှင့် စပ်လျဉ်းသည့် ဥပဒေပုဒ်မများ မပါဝင်သော အကျဉ်းထောင် ဥပဒေကြမ်းအား အစိုးရမှ ထုတ်ပြန်ခဲ့သောကြောင့် နိုင်ငံရေး အကျဉ်းသားဟောင်းများ အုပ်စုမှ နိုင်ငံရေးအကျဉ်းသားများအား အကာအကွယ်ပြုသည့် သီးသန့်ဥပဒေများ ထည့်သွင်းရေးစွဲပေးရန် တောင်းဆိုခဲ့ကြပါသည်။ လက်ရှိအခြေအနေတွင် အစိုးရမှ အကျဉ်းထောင်အတွင်း နိုင်ငံရေးအကျဉ်းသားများ ရှိနေခြင်းကို အသိအမှတ်ပြုခြင်း မရှိပဲ နိုင်ငံရေး အကျဉ်းသားများအားလည်း ရာဇဝတ်သားများကဲ့သို့သာ ဆက်ဆံလျက်ရှိပါသည်။ နိုင်ငံရေး အကျဉ်းသားဟောင်းများ အုပ်စုမှ ဥပဒေအတွင်း ထည့်သွင်းစေချင်သည့် အချက်တစ်ချက်မှာ နိုင်ငံရေးအကျဉ်းသားများအား အလုပ်ကြမ်းပြစ်ဒဏ် ချမှတ်ခြင်း မပြုလုပ်ရန်ဖြစ်ကြောင်း သိရှိရပါသည်။

*၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ ဇွန် ၁၉ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်၊ လွတ်လပ်တဲ့ အာရှအသံ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ ဇွန်လ ၉ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၇ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

# ထိန်းသိမ်းခံရခြင်းများ

**တရားမဝင် ကျောက်တူးဖေါ်သည်ဟု မတရားစွပ်စွဲချက်ဖြင့် ဘုန်းကြီးတစ်ပါး လူဝတ်လဲပြီး ဖမ်းဆီးထိန်းသိမ်းခံရ**

ရှမ်းပြည်နယ်၊ မိုးကုတ်မြို့ရှိ ရေပူကျောင်းတိုက် ဆရာတော်အား ဇွန်လ ၉ ရက်နေ့တွင် လူဝတ်လဲပြီး ဖမ်းဆီးခဲ့ပါသည်။ ဆရာတော်သည် စေတီအသစ် တစ်ဆူတည်ဆောက်စဉ်အတွင်း စေတီအဟောင်းများ ပျက်စီးသွားသောကြောင့် စေတီအဟောင်း ငါးဆူနှင့် ကျောက်မြတ်ရတနာများအား ဖျက်ဆီးမှုဖြင့် ကျောက်မျက်ကုန်သည်များ အသင်းမှ ဆရာတော်အား ပုဒ်မ ၄၁ (က၊ ခ) တို့ဖြင့် အမှုဖွင့် တရားစွဲဆိုခဲ့ပါသည်။ ထိုပြုပြင်မှုအတွက် မြို့နယ်သံဃာ့မဟာနာယက အဖွဲ့မှ ခွင့်ပြုချက်ရရှိခဲ့သော်လည်း ရေပူဆရာတော်အား "တရားမဝင် ကျောက်တူးသည့်" ပုဒ်မဖြင့် တရားစွဲဆိုပြီး ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ဆရာတော်သည် ၂၀၀၇ ခုနှစ် "ရွှေဝါရောင်တော်လှန်ရေး" ၏ ဦးဆောင်ရဟန်းတစ်ပါးဖြစ်သလို မိုးကုတ်မြို့ အထင်ကရ ရေကန်အစပ်တွင် မိုးကုတ် ကျောက်မျက်ကုန်သည်များအသင်း၏ ဌာနချုပ် တည်ဆောက်မှုကိုလည်း ဆန့်ကျင်ကန့်ကွက်ခဲ့သူဖြစ်သည်။

ဆရာတော်ကို ထောက်ခံသူများ၏ ပြောကြားချက်အရ ရေပူကျောင်းတိုက်အတွင်း တည်ရှိနေသည့် စေတီဟောင်းများကို ဖြိုဖျက်ပြီး စေတီအသစ်တစ်ဆူ တည်ဆောက်ရန်အတွက် ဆရာတော်မှ ရေပူဘုန်းတော်ကြီးကျောင်းအတွင်းရှိ မြေအား တူးရခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဆရာတော်အား မိုးကုတ်မြို့နယ်ရဲစခန်းတွင် ဖမ်းဆီးထိန်းသိမ်းထားပြီး၊ မိုးကုတ်မြို့နယ် ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း အဖွဲ့ဝင် ကိုစိုးဌေးမှ ရေပူမြို့ခံ ဒကာ၊ ဒကာမများသည် ဆရာတော် လွှတ်မြောက်ရေးအတွက် လက်မှတ်များ စုဆောင်းနေကြောင်းနှင့် ထိုစုဆောင်းရရှိသည့် လက်မှတ်များအားလည်း ပြည်နယ်အဆင့် အာဏာပိုင်များနှင့် တရားရေးဌာနသို့ ပို့ဆောင်ရန် စီစဉ်လျက်ရှိကြောင်း ပြောကြားလိုက်ပါသည်။

*[၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၇ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)]*

*[၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၀ ရက်၊ ဘီဘီစီ]*

# ထောင်ဒဏ်ချမှတ် ခံရခြင်းများ

## ဒေါ်နော်အုန်းလှ ထောင်ဒဏ် ၆ လ ချမှတ်ခံရခြင်း

ဒေါ်နော်အုန်းလှအား အင်းစိန် အကျဉ်းထောင်တွင် ဖမ်းဆီးထိန်းသိမ်းထားစဉ်အတွင်း ဒဂုံမြို့နယ်တရားရုံးမှ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ထောင်ဒဏ် ၆ လနှင့် အလုပ်ကြမ်း ပြစ်ဒဏ် ချမှတ်လိုက်ပါသည်။ ၂၀၀၇ ခုနှစ်တွင် ဒေါ်နော်အုန်းလှသည် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် ရည်စူးပြီး ရန်ကုန်မြို့ ရွှေတိဂုံ ဘုရားပေါ်တွင် ဆုတောင်းပွဲတစ်ခု ဦးဆောင်ကျင်းပခဲ့ပါသည်။ ထိုဆုတောင်းပွဲနှင့် စပ်လျဉ်းပြီး ဒေါ်နော်အုန်းလှအား ဘာသာသာသနာဆိုင်ရာ အစုအဝေးကို နှောင့်ယှက်မှုပုဒ်မ ၂၉၆ ဖြင့် ၂၀၁၃ ခုနှစ်တွင် တရားစွဲဆိုခဲ့ကာ၊ ထိုသို့တရားစွဲဆိုပြီး ၂ နှစ်အကြာတွင်မှ ထောင်ဒဏ် ၆ လ ချမှတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရပါသည်။

ဒေါ်နော်အုန်းလှသည် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် လက်ပန်းတောင်းနယ် ဆန္ဒပြမှုအတွင်း ဒေါ်ခင်ဝင်းမှု သေဆုံးမှုအား စုံစမ်းစစ်ဆေးပေးရန် တောင်းဆိုမှုကြောင့် အင်းစိန် အကျဉ်းထောင်အတွင်း ထောင်ဒဏ် ၄ နှစ်နှင့် ၄ လ ကျခံနေခဲ့ရသည့်အပြင် တရုတ်သံရုံးရှေ့တွင် ဆန္ဒပြခဲ့သောကြောင့် သူမအား အလုံ၊ ကျောက်တံတားနှင့် စမ်းချောင်းမြို့နယ်များမှ ပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုထားပြီး၊ ထိုပုဒ်မများဖြင့် ဆက်လက်တရားရင်ဆိုင်နေရပါသည်။
*[၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်၊ ဒီဗွီဘီ]*

## တရုတ်သံရုံးရှေ့ ဆန္ဒပြသူများ ထောင်ဒဏ် ချမှတ်ခံရ

လက်ပန်းတောင်းကော့ပါးမိုင်း ဆန္ဒပြမှုအတွင်း ဒေါ်ခင်ဝင်းမှု သေဆုံးမှုအား စုံစမ်းစစ်ဆေးပေးရန် ဒီမိုကရက်တစ် အင်အားစုပါတီမှ အဖွဲ့ဝင်များဖြစ်ကြသော အသက် ၆၉ နှစ်အရွယ် ဦးဘမြင့်၊ ကိုစိုးဇော်နှင့် ကိုဌေးအောင်တို့မှ ရန်ကုန်မြို့ တရုတ်သံရုံးရှေ့၌၊ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်တွင် တောင်းဆိုဆန္ဒပြခဲ့ကြပါသည်။ ထို့ကြောင့် ၎င်းတို့သုံးဦးအား ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့တွင် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၄ လ ချမှတ်ခဲ့ပါသည်။

ထိုသုံးဦးထဲမှ ဦးဘမြင့်သည် မွေးမြူရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား ဆန္ဒပြခဲ့သောကြောင့် ထောင်ဒဏ် ၃ လ ချမှတ်ခံရပြီး ဖြစ်သလို၊ ထိုင်းနိုင်ငံ လိပ်ကျွန်း လူသတ်မှုနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံသား နှစ်ဦးအား ဖမ်းဆီးထားသည်ကို ဆန္ဒပြခဲ့သည့်အတွက် နောက်ထပ် ထောင်ဒဏ် ၃ လ လည်း ချမှတ်ခံခဲ့ရပါသည်။ လက်ရှိအချိန်တွင် ဦးဘမြင့်သည့် စုစုပေါင်း ထောင်ဒဏ် ၁ နှစ်နှင့် ၁၁ လ ကျခံနေရကြောင်းလည်း သိရှိရပါသည်။
*[၂၀၁၅ ခုနှစ်၊ ဇွန်လ ၄ ရက်၊ အလဲဗင်း (အင်္ဂလိပ်)]*
*[၂၀၁၅ ခုနှစ်၊ ဇွန်လ၊ အလဲဗင်း (အင်္ဂလိပ်)]*

## ဆန္ဒပြသူများအား ပုဒ်မ ၁၈ ဖြင့် ထောင်ဒဏ် တစ်လစီ ချမှတ်

၂၀၁၅ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့တွင် ကိုထိန်လင်းအောင်၊ ကိုကျော်ဇင်ဦး၊ ကိုတင်စိုး၊ မလှလှအေး၊ မသန်းသန်းထွေးနှင့် ကိုသူဇော်ကြည်ဝင်းတို့ ၆ ဦးအား ပုဒ်မ ၁၈ ဖြင့် ထောင်ဒဏ် ၁ လ ချမှတ်ခဲ့ပြီး လက်ရှိအချိန်တွင် အင်းစိန် အကျဉ်းထောင်အတွင်း ဖမ်းဆီးထိန်းသိမ်းခံနေရပါသည်။

၂၀၁၄ ခုနှစ်၊ ဇွန်လတွင်၊ ခွင့်ပြုချက်မရရှိပဲ တရားပွဲ စီစဉ်ခြင်းကြောင့်ဟုဆိုကာ ကိုကျော်ဟိန်းအား ထောင်ဒဏ် ၁ လ ချမှတ်ခဲ့ပါသည်။ ၎င်းတို့ ၆ ဦးမှ ကိုကျော်ဟိန်းအား ထောင်ဒဏ် ချမှတ်သည်ကို မကျေမနပ်ဖြစ်ကာ ဆန္ဒပြခဲ့ကြသည့်အတွက် ၂၀၁၄ ခုနှစ်၊ ဇွန်လတွင်ပင် ၎င်းတို့အား ပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုခံခဲ့ရခြင်းဖြစ်သည်။

## ဦးထင်လင်းဦး အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂ နှစ် ချမှတ်ခံရခြင်း

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ၏ သတင်းနှင့်ပြန်ကြားရေး တာဝန်ခံ ဦးထင်လင်းဦးအား ချောင်းဦးမြို့နယ်တရားရုံးမှ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂ နှစ် ချမှတ်လိုက်ပါသည်။ ဦးထင်လင်းဦးမှ စာပေဟောပြောပွဲတွင် လူမျိုးရေးနှင့် ဘာသာရေးအား ခွဲခြားမှုသည် ဗုဒ္ဓဘာသာနှင့် မအပ်ဆပ်ကြောင်း ဗုဒ္ဓဘာသာမှ မပြောဆိုထားကြောင်း ပြောဆိုဆွေးနွေးခဲ့သည့်အတွက် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင် ဖမ်းဆီးခံခဲ့ရပါသည်။ ဦးထင်လင်းဦးအား ဘာသာသာသနာကို စော်ကားသည့်ပုဒ်မ ၂၉၅ ဖြင့် အပြစ်ရှိသည်ဟု စွပ်စွဲပြီး ထောင်ဒဏ် ချမှတ်ခဲ့သော်လည်း လုံလောက်သော သက်သေ မရှိခြင်းကြောင့်ဟုဆိုကာ ဘာသာရေးစိတ်ကိုနာစေရန် တမင်ကြံရွယ်၍ စကားစသည်များကို ပြောဆိုခြင်း ပုဒ်မ ၂၉၈ မှ ကင်းလွတ်ပြီး ထောင်ဒဏ်ချမှတ် မခံခဲ့ရပါ။ ဦးထင်လင်းဦးသည် တရားရင်ဆိုင်နေရစဉ်အတွင်း အကျဉ်းထောင်ထဲတွင် ၆ လ ကြာအောင် ဖမ်းဆီးထိန်းသိမ်းခံရပြီးဖြစ်ကြောင်း သိရှိရပါသည်။
*[၂၀၁၅ ခုနှစ်၊ ဇွန်လ ၂ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)]*

# ထောင်မှလွတ်မြောက်မှုများ

**ထောင်ဒဏ်များ ပြီးဆုံးသဖြင့် ဦးဇော်ဝင်း အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာခြင်း**

အစိုးရနှုတ်ထွက်ပေးရန် တောင်းဆိုဆန္ဒပြခဲ့သည့်အတွက် ပုဒ်မ ၅၀၅ (ခ) ဖြင့် ထောင်ဒဏ်ချမှတ်ခံရသည့် နိုင်ငံရေးအကျဉ်းသား ဦးဇော်ဝင်းသည် ထောင်ဒဏ်များ ပြီးဆုံးသဖြင့် အင်းစိန်အကျဉ်းထောင်မှ ၂၀၁၅ ခုနှစ်၊ ဖွန်လ ၂၆ ရက်နေ့တွင် ပြန်လည် လွတ်မြောက်ခဲ့ပါသည်။ ဦးဇော်ဝင်းသည် မြန်မာစဉ်ဆက်မပြတ် ဒီမိုကရေစီ လှုပ်ရှားမှု အဖွဲ့ (MDCF) အဖွဲ့ဝင်များနှင့်အတူ ဆန္ဒကျင်ဆန္ဒပြခဲ့သဖြင့် မြို့နယ် သုံးမြို့နယ်မှ တရားစွဲဆိုပြီး ထောင်ဒဏ် ၁ နှစ်ခွဲ ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။

**နိုင်ငံရေး လှုပ်ရှားသူ နောက်ထပ် ၆ ဦး အကျဉ်းထောင်များမှ ပြန်လည်လွတ်မြောက်**

နိုင်ငံရေး လှုပ်ရှားသူ နောက်ထပ် ၆ ဦး ၎င်းတို့၏ထောင်ဒဏ်များ ပြီးဆုံးသဖြင့် အကျဉ်းထောင်များမှ ပြန်လည်လွတ်မြောက်ခဲ့ပါသည်။ ဦးလူအေးနှင့် မသိင်္ဂီတို့သည် အင်းစိန်အကျဉ်းထောင်၊ ရွှေမိုင်းအလုပ် သမားများ ဖြစ်ကြသော မသူသူအေးသည် ညောင်ဦးအကျဉ်းထောင်၊ မဌေးသည် ပဲခူးထောင်၊ ကိုဖိုးကျော်သည် မန္တလေးထောင်နှင့် ကိုချစ်မင်းဦး သည် ပခုက္ကူထောင် အသီးသီးမှ ပြန်လည်လွတ်မြောက်ခဲ့ကြောင်း သိရှိရပါသည်။

# ထောင်တွင်းအခြေအနေများ

## နိုင်ငံရေးလှုပ်ရှားသူ ကျောင်းသားများ ထောင်ဝင်စာ ပိတ်ခံရ

မိသားစုဝင်များမှ အကျဉ်းထောင်အတွင်း တားမြစ်ပစ္စည်းများအား ခိုးသွင်းသည်ဟူသော စွပ်စွဲချက်ဖြင့် လက်ပံတန်းမြို့အတွင်း အမျိုးသားပညာရေးအား ဆန့်ကျင်ဆန္ဒပြရာတွင် ပါဝင်ခဲ့မှုဖြင့် လက်ရှိအချိန်တွင် တရားရင်ဆိုင်နေရသည့် ကျောင်းသား ၃၅ ဦးတို့အား သာယာဝတီထောင်အတွင်း ထောင်ဝင်စာ ပိတ်ခဲ့ပါသည်။ ဖွန်လ ၁၆ ရက်နေ့တွင် တရားရုံးထုတ်ပြီးနောက် ဖမ်းဆီးထိန်းသိမ်းခံရသူများ လက်အတွင်းတွင် စီးကရက်နှင့် ကွမ်းယာများ တွေ့ရှိခဲ့ခြင်းဖြစ်သော်လည်း ၎င်းတို့၏ ရှေ့နေမှ ထောင်လက်စွဲဥပဒေအရ အကျဉ်းသားများ ဆေးလိပ်သောက်ခွင့်ပြုကြောင်း သိရှိရပါသည်။
*[၂၀၁၅ ခုနှစ်၊ ဖွန်လ ၂၄ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)]*

## တရားရုံးထုတ်စဉ်အတွင်း လက်ထိတ်ခတ်ခြင်းသည် လူ့အခွင့်အရေး ချိုးဖေါက်ခြင်းဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်မှ ပြောကြား

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဖြစ်သူ ဦးဝင်းမြင့်မှ တရားရုံးထုတ်စဉ်အတွင်း လက်ထိတ်ခတ်ခြင်းသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းကို ချိုးဖေါက်ခြင်းဖြစ်သလို မြန်မာနိုင်ငံ ရဲလက်စွဲကြမ်းအားလည်း ချိုးဖေါက်ခြင်းဖြစ်ကြောင်း ဝေဖန် ပြောကြားလိုက်ပါသည်။

"အဲ့လိုလက်ထိပ်ခတ်ခြင်းက မည်သူတစ်ဦးတစ်ယောက်ကိုမှ နှိပ်စက်ခြင်းမပြုရ၊ ရက်စက်စွာပြုမူ ဆက်ဆံခြင်းမပြုရ၊ လူမဆန်စွာ ဆက်ဆံခြင်းသို့မဟုတ် အရှက်ရစေခြင်း မပြုရလို့ ဆိုထားတဲ့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၅ ကို ဖေါက်ဖျက်သလို၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့လက်စွဲကြမ်းရဲ့ ညွှန်ကြားချက်တွေကိုလည်း ချိုးဖေါက်နေတယ်" ဟု ဦးဝင်းမြင့်မှ ပြောကြားလိုက်ပါသည်။
*[၂၀၁၅ ခုနှစ်၊ ဖွန်လ ၁၈ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)]*

## ဖမ်းဆီးခံ ကျောင်းသားသုံးဦး ကျန်းမာရေး မကောင်း

နိုင်ငံရေး တက်ကြွလှုပ်ရှားသူ ကျောင်းသား ၃ ဦးဖြစ်သော ကိုရဲဝင်းအောင်၊ ကိုမြကြီးနှင့် ကိုလွင်ကိုကိုအောင်တို့ ၃ ဦးသည် ၂၀၁၅ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့၊ လက်ပံတန်းမြို့ ဆန္ဒပြပွဲ ဖြိုခွဲမှုတွင် ရိုက်နှက်ဖမ်းဆီးခံရသဖြင့် ဖမ်းခံရသည့် ညတွင်ပင် ဆေးရုံသို့ ပို့ဆောင်ခဲ့ရပါသည်။ ၎င်းတို့သုံးဦးအား အကျဉ်းထောင်အတွင်း သင့်တော်သည့် ဆေးဝါးများဖြင့် မကုသပေးသောကြောင့်၊ လက်ရှိအချိန်တွင် ခေါင်းမူးခြင်းနှင့် အစာစားပြီးတိုင်း အန်ခြင်းများ ခံစားနေရပါသည်။

## လက်ပံတန်းဖြိုခွဲမှုအတွင်း ဒဏ်ရာရရှိသဖြင့် ဖမ်းဆီးခံ နိုင်ငံရေး လှုပ်ရှားသူ ၂ ဦး ဆေးရုံတင်ရ

အသက် ၂၆ နှစ်အရွယ် ဖမ်းဆီးခံကျောင်းသား တစ်ဦးဖြစ်သူ ကိုခင်လှိုင်သည် ဖွန်လ ၉ ရက်နေ့ တရားရုံးချိန်းသို့ လာရာ ကားပေါ်တွင် ချောင်းဆိုးပြီး သွေးအန်သောကြောင့် သာယာဝတီ အကျဉ်းထောင်မှ ရန်ကုန် ပြည်သူ့ဆေးရုံကြီးသို့ ပြောင်းရွှေ့လိုက်ရပါသည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (ဗ-က-သ) ၏ ခေါင်းဆောင်ဟောင်း တစ်ဦးဖြစ်သူ ကိုဘသက်အောင်၏ ပြောကြားချက်အရ ထိုကဲ့သို့ သွေးအန်ခြင်းသည် ၂၀၁၅ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့ လက်ပံတန်းဖြိုခွဲမှုအတွင်း ရရှိခဲ့သည့် ဒဏ်ရာများကြောင့် ဖြစ်ကြောင်း သိရှိရပါသည်။ တရားရုံးချိန်းအား ဖွန်လ ၁၆ ရက်နေ့သို့ ပြောင်းရွှေ့ခဲ့ရပါသည်။ ထို့အပြင် ကိုခင်လှိုင်သည် ဖွန်လ ၃၀ ရက်နေ့ တရားရုံးချိန်းတွင်လည်း ထပ်မံလဲကျခဲ့ပြီး ဆေးရုံသို့ အလျင်အမြန် ပို့ဆောင်လိုက်ရပါသည်။ ဆရာဝန်များမှ ကိုခင်လှိုင်သည် အစာအိမ် သွေးကြောပေါက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ လက်ပံတန်းဖြိုခွဲမှုအတွင်း ဖမ်းဆီးခံခဲ့ရသည့် အခြားနိုင်ငံရေး လှုပ်ရှားသူတစ်ဦးဖြစ်သော အသက် ၄၄ နှစ်အရွယ် ကိုတင်ဝင်းသည် ဖွန်လ ၃ ရက်နေ့ တရားရုံးချိန်းတွင် လဲကျခဲ့ပြီး ရန်ကုန်ဆေးရုံးကြီးသို့ ပို့ဆောင်ခဲ့ကာ လည်ပင်းခွဲစိတ်ကုသမှု ခံယူခဲ့ရပါသည်။ လက်ပံတန်းဖြိုခွဲမှုအတွင်း ရရှိခဲ့သည့် ဒဏ်ရာများသည် ကိုတင်ဝင်း၏ အကြောများအား ပျက်စီးစေပြီး ယခုအခါတွင် ခွဲစိတ်မှုမှ သက်သာလာကြောင်းလည်း သိရှိရပါသည်။ ဆေးရုံသို့ ပို့ဆောင်ကုသခဲ့ရသည့် လူနာ ၂ ဦးသည် ဆေးရုံမှ ဆင်းပြီး အိမ်တွင်ကုသ ပျောက်ကင်းရန် အတွက် အယူခံလျှောက်ထားသော်လည်း အယူခံပေးမည် (သို့) မပေးဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရှိရပါ။
*[၂၀၁၅ ခုနှစ်၊ ဖွန်လ ၉ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)]*
*[၂၀၁၅ ခုနှစ်၊ ဖွန်လ ၉ ရက်၊ လွတ်လပ်တဲ့ အာရှအသံ (အင်္ဂလိပ်)]*
*[၂၀၁၅ ခုနှစ်၊ ဖွန်လ ၉ ရက်၊ လွတ်လပ်တဲ့ အာရှအသံ]*
*[၂၀၁၅ ခုနှစ်၊ ဖွန်လ ၉ ရက်၊ အလဲဗင်း မြန်မာ]*
*[၂၀၁၅ ခုနှစ်၊ ဖွန်လ ၁၁ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)]*
*[၂၀၁၅ ခုနှစ်၊ ဖွန်လ ၃၀ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)]*

## ကျောင်းသားများ အာမခံငြင်းပါယ်ခံရ

၂၀၁၅ ခုနှစ်၊ မတ်လ လက်ပံတန်းဖြိုခွဲမှုအတွင်း ဖမ်းဆီးခံခဲ့ရသည့် ကျောင်းသား ၁၃ ဦးတို့သည် ဖွန်လ ၂ ရက်နေ့တွင် ကျရောက်သည့် ၇ ကြိမ်မြောက် တရားရုံးတွင် အာမခံငြင်းပါယ်ခံခဲ့ရပါသည်။ ကျောင်းသားများ၏ ရှေ့နေမှ "ပုဒ်မ ၅၀၅ (ခ) အရ အာမခံပေးလို့ မရဘူးဆိုတော့ အာမခံတွေအားလုံးကို ပါယ်ချခဲ့တယ်" ရှေ့နေ့မှ ဆက်လက်၍ "ကျောင်းသားတွေရဲ့ စာမေးပွဲ အချိန်ဇယားကိုလည်း ခုထိ မသတ်မှတ်ရသေးဘူး" ဟု ပြောခဲ့ပါသည်။ နောက်ထပ်ကျောင်းသား ၃ ဦးတို့သည်လည်း မြင်းခြံမြို့နယ်တရားရုံးချိန်းတွင် အာမခံလျှောက်ထားခဲ့ပြီး၊ လျှောက်ထားသူများထဲမှ ဇူလိုင်လဆန်းပိုင်းတွင် ကျောင်းပြန်တက်ရမည့် ကိုစည်သူမြတ်၏ အာမခံအား စဉ်းစားသုံးသပ်နေကြောင်းနှင့် ကိုစိုးလှိုင်နှင့် ကိုဇင်ကိုသန့်တို့၏ အာမခံများအား ပါယ်ချလိုက်ကြောင်း သိရှိရပါသည်။ ၎င်းတို့ ၂ ဦးသည် ဇန်နဝါရီလတွင် မြင်းခြံဒီဂရီကောလိပ်၌ နိုင်ငံတော်အလံအား အလံတိုင်မှ ချခဲ့သည့်အတွက် နိုင်ငံတော်အလံ ဥပဒေနှင့် တရားရင်ဆိုင်နေရခြင်းဖြစ်သည်။ နောက်ထပ်ပုဒ်မဖြစ်သော ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မဖြင့် တရားစွဲကြောင်းကို ၂၀၁၅ ခုနှစ်၊ ဖွန်လ ၄ ရက်နေ့ တရားရုံးတွင် ဖတ်ပြခဲ့ကြောင်း သိရှိရပါသည်။
*[၂၀၁၅ ခုနှစ်၊ ဖွန်လ ၃ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)]*
*[၂၀၁၅ ခုနှစ်၊ ဖွန်လ ၅ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)]*

# နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

**မဲစာရင်းများ စစ်ဆေးပေးခဲ့သည့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) အဖွဲ့ဝင် ၂ ဦး ကျူးကျော်မှုဖြင့် တရားစွဲဆိုခံရ**

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) အဖွဲ့ဝင် ၂ ဦး ဖြစ်သူ ဦးတင်ဌေးနှင့် ဦးစိန်မြမောင်တို့ ၂ ဦးသည် နေပြည်တော် ဇမ္ဗူသီရိမြို့တွင် ဇွန်လ ၁၈ ရက်နေ့၌ မဲစာရင်းများ စစ်ဆေးပေးခဲ့ပြီး ဇွန်လ ၂၀ ရက်နေ့တွင် ပုဒ်မ ၄၄၇ ကျူးကျော်မှုဖြင့် တရားစွဲခံခဲ့ရပါသည်။ နေပြည်တော် ကောင်စီ NLD အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကိုညီညီဇော်၏ ပြောကြားချက်အရ NLD အဖွဲ့ဝင် ၂ ဦးတို့အား အိမ်ရှင်များမှ အိမ်အတွင်း ဝင်ခွင့်ပြုပြီး မဲစာရင်းများ စစ်ဆေးခွင့်ပြုခဲ့ကြောင်း သို့သော်လည်း ၎င်းတို့ ၂ ဦးသည် ပိုင်နက်ကျူးလွန်မှုဖြင့် တရားစွဲခံရကြောင်း သိရှိရပါသည်။

*၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၇ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

*၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၇ ရက်၊ 7 Day Daily (အင်္ဂလိပ်)*

**တရားရုံးအား မထေမဲ့မြင်ပြုမှုနှင့် သတင်းထောက် ၁၇ ဦး တရားစွဲခံရ**

ဇွန်လ ၁၇ ရက်နေ့တွင် ဒေးလီးအလဲဗင်း နေ့စဉ်သတင်းစာ၏ အယ်ဒီတာချုပ် ကိုဝေဖြိုးမှ သူနှင့် ၎င်းတို့၏သတင်းစာမှ သတင်းထောက် ၁၆ ဦးတို့သည် မြန်မာနိုင်ငံ သတင်းနှင့်ပြန်ကြားရေး ဝန်ကြီးဌာန၏ တရားစွဲဆိုခြင်းခံရကြောင်း ပြောကြားခဲ့ပါသည်။ အစိုးရမှ ဒေးလီးအလဲဗင်း သတင်းစာအား အသရေဖျက်မှုဖြင့် ကနဦးတွင် တရားစွဲဆိုထားသည့် အမှုကို သတင်းထုတ်ပြန်ခဲ့သည့်အတွက် ထောင်ဒဏ် ၆ လအထိ ကျခံရနိုင်သည့် တရားရုံးအား မထေမဲ့မြင်ပြုမှုပုဒ်မဖြင့် သတင်းနှင့်ပြန်ကြားရေး ဝန်ကြီးဌာနမှ တရား စွဲဆိုလိုက်ခြင်းပင်ဖြစ်သည်။ တရားရုံးချိန်းအား မန္တလေးတိုင်းတွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

*၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၇ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*

**ဦးနေမျိုးကျော်အား ပုဒ်မ ၁၈ ဖြင့် ပြစ်ဒဏ်ချမှတ်ခြင်း**

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) မကွေးတိုင်း၏ အတွင်းရေးမှူး ဦးနေမျိုးကျော်အား မကွေးမြို့နယ်တရားရုံးမှ ဇွန်လ ၁၅ ရက်နေ့တွင် ထောင်ဒဏ် ၁ လ (သို့) ငွေဒဏ် ၂၀,၀၀၀ ကျပ် ပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။ ဦးနေမျိုးကျော်သည် ပုဒ်မ ၄၃၆ အားပြင်ဆင်ရန်အတွက် ခွင့်ပြုချက်မရရှိပဲ စည်းရုံးလှုံ့ဆော်ခဲ့ခြင်းကြောင့်ဟုဆိုကာ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈၊ ခွင့်ပြုချက်မရရှိပဲ အသံချဲ့စက်သုံးသည့်အတွက် ပုဒ်မ ၂၇ နှင့် ပိုင်နက်ကျူးလွန်မှုပုဒ်မ ၄၄၇ တို့ဖြင့် ၂၀၁၄ ခုနှစ် ဇွန်လတွင် တရားစွဲဆိုခံခဲ့ရပြီး၊ ဦးနေမျိုးကျော်သည် ငွေဒဏ်ပေးဆောင်ခဲ့ကြောင်း သိရှိရပါသည်။

*၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၅ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

**၈၈ မျိုးဆက်ခေါင်းဆောင်အပါအဝင် ဆန္ဒပြသူ ၄ ဦး ရုံးတော်သို့ ဆင့်ခေါ်ခံရ**

ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) မှ သိမ်းဆည်းခဲ့သည့် တောင်ဥက္ကလာပ မြို့နယ် ပန်းခြံအတွင်းမှ ကစားကွင်း ပြန်လည်ရရှိရန် ဆန္ဒပြတောင်းဆိုခဲ့သည့် ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း ခေါင်းဆောင်ကိုကိုကြီး အပါအဝင် ဆန္ဒပြသူ ၄ ဦးတို့အား ပုဒ်မ ၁၉ ဖြင့် တရားစွဲဆိုခဲ့ပြီး၊ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့တွင် တောင်ဥက္ကလာပမြို့နယ် တရားရုံးမှ ဆင့်ခေါ်ခဲ့ပါသည်။ ဦးကိုကိုကြီးတို့ ၄ ဦးအား လွန်ခဲ့သော ၆ လကပင် တရားစွဲဆိုခဲ့ခြင်းဖြစ်ပြီး၊ ဦးကိုကိုကြီးမှ လာမည့်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ကြေညာခဲ့ပြီးနောက် ထိုကဲ့သို့ ရုံးတော်ထံ ဆင့်ခေါ်ခဲ့ခြင်းဖြစ်သည်။

*၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၅ ရက်၊ ဘီဘီစီ*

**သတင်းထောက်များ အထက်လွှတ်တော်သို့ တက်ရောက်ရန်တားမြစ်**

မေလ ၂၆ ရက်နေ့တွင် သတင်းထောက်များအား အောက်လွှတ်တော်သို့ သတင်းယူရန် တားမြစ်ပြီးနောက် ဇွန်လ ၁ ရက်နေ့တွင် အထက်လွှတ်တော်မှပါ သတင်းယူရန် တားမြစ်ခဲ့ပါသည်။ သတင်းထောက်များအား ဆွေးနွေးငြင်းခုန်ခြင်းများနှင့် မဲပေးခြင်းတို့ကို စောင့်ကြည့်ခွင့်မပြုတော့ပဲ အထူးခန်း တစ်ခန်းအတွင်းမှသာ စောင့်ကြည့်ခွင့်ပြုတော့ကြောင်း သိရှိရပါသည်။ အထက်လွှတ်တော် အတွင်းရှိ ဒုတိယ အထွေထွေအုပ်ချုပ်ရေးမှူးမှ "လုံခြုံရေး" ကြောင့် ထိုကဲ့သို့ ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း ရှင်းပြခဲ့သော်လည်း၊ နိုင်ငံရေးသမားများ၏ ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေးထက် ၎င်းတို့၏ပုံရိပ်များအတွက် ခြိမ်းခြောက်မှုပိုမိုဖြစ်နေခြင်းကိုသာ စိုးရိမ်နေကြခြင်းဖြစ်ကြောင်း သတင်းထောက်များမှ သံသယရှိနေပါသည်။

*၂၀၁၅ ခုနှစ်၊ ဇွန်လ ၂ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)*

,

# မြေယာသိမ်းဆည်းမှုများ

### စစ်တပ်မှ ရွှေမိုင်းသမားများအား ပြောင်းရွှေ့ခိုင်းခြင်း

ရွှေတူးသမားများ အလုပ်လုပ်ကိုင်နေသည့် မြေသည် စစ်တပ်ပိုင်ဆိုင်သည့် မြေဖြစ်သည်ဆိုသော အကြောင်းပြချက်ဖြင့်၊ မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်၊ တောင်လယ်ရွာတွင် ရွှေတူးဖေါ်လုပ်ကိုင်နေကြသည့် ရွှေတူးသမား ၃၀၀ တို့အား တပ်မ ၃၃ မှ ဇွန်လ ၂၄ ရက်နေ့တွင် ရွှေ့ပြောင်းခိုင်းခဲ့ပါသည်။ ဇွန်လ ၂၂ ရက်မှ စတင်ပြီး စစ်သားများသည် ရွာသို့ရောက်ရှိလာကာ ရွှေတူးသမားတို့၏ အိမ်များတွင် ဝင်ရောက်နေထိုင်ခဲ့ကြပါသည်။ ရွှေတူးသမားအများစုမှ ထွက်ခွာခဲ့ကြသော်လည်း အနည်းငယ်သော ရွှေတူးသမားတို့သည် ၎င်းတို့၏အိမ်များတွင် ဆက်လက်နေထိုင်ခဲ့ကြပါသည်။ ၂၀၀၇ ခုနှစ်တွင် မြေယာများသည် ယခုအခါတွင် စစ်တပ်ပိုင်မြေများဖြစ်ကြောင်း စစ်တပ်မှ ထိုမြေများအနီးတွင် ဆိုင်းဘုတ်များ စိုက်ထူခဲ့ပါသည်။

၂၀၀၉ ခုနှစ်တွင် ရွှေတူးသူများမှ ရွှေတူးစက် တစ်လုံးအတွက် စစ်တပ်အား တစ်လလျှင် ငွေကျပ် တစ်သိန်းခွဲ ပေးဆောင်ကာ ထိုမြေယာများအား ရွှေတူးဖေါ်မှု ဆက်လက်လုပ်ဆောင်ခဲ့ကြပြီး နောက်ပိုင်းတွင် ရွှေအထွက် လျော့သွားသောကြောင့် စက်တစ်လုံးအတွက် တစ်လလျှင် ငွေကျပ် သုံးသောင်းခွဲပေးဆောင်ကာ ရွှေတူးဖေါ်ခဲ့ကြောင်းလည်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

### မြေယာအရေး လှုပ်ရှားသူ ခေါင်းဆောင် ၅ ဦး ပိုင်နက်ကျူးလွန်မှုဖြင့် ထောင်ဒဏ် ချမှတ်ခံရ

၂၀၁၃ ခုနှစ်တွင် မြေပိုင်ရှင်များသည် ကျောက်ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဌာန၏ ပုဒ်မ ၄၄၇ ပိုင်နက်ကျူးလွန်မှုဖြင့် တရားစွဲဆိုခြင်းကို ခံခဲ့ရပါသည်။ မြေပိုင်ရှင်များသည် ၁၉၇၉ ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက်တွင် သိမ်းဆည်းခဲ့သည့် ဖိုကုန်း၊ စျေးကုန်း၊ အိုးအိုင်၊ စည်ပင်သာနှင့် အိုင်လျားရွာများမှ ၎င်းတို့မြေယာများ ပြန်လည်ရရှိရန် ကြိုးစားခဲ့ကြသည့်အတွက် ထိုကဲ့သို့ တရားစွဲဆိုခံရခြင်းဖြစ်ပြီး၊ ၂၀၁၅ ခုနှစ် အစောပိုင်းတွင် ၎င်းတို့ထဲမှ အများစုသည် ငွေဒဏ်များချမှတ်ခံရကာ၊ ဦးဆောင်သူ ၅ ဦးတို့သည် ထောင်ဒဏ်များ အသီးသီး ချမှတ်ခံခဲ့ရပါသည် (မည်သည့်လတွင် ထောင်ဒဏ်ချမှတ်ခံရခြင်းကို မသိရှိသော်လည်း ယခုဖြစ်ရပ်အား ဇွန်လတွင် သိရှိခဲ့ရခြင်းဖြစ်သည်။) ဦးဆောင်သူ ၅ ဦးထဲမှ ဦးဌေးဝင်းသည် ထောင်ဒဏ် ၅ လ၊ ဦးဝင်းနိုင်ဦးသည် ထောင်ဒဏ် ၂၂ လနှင့် ဦးအိုက်မန်းသည် ထောင်ဒဏ် ၂၀ လ အသီးသီးချမှတ်ခံခဲ့ရကြောင်း သိရှိရပါသည်။

### လယ်သမား ၁၇ ဦးနှင့် ကရင်ပြည်သူ့ပါတီမှ ဥက္ကဌတို့ တရားစွဲခံရ

လယ်သမား ၁၇ ဦးနှင့် ရန်ကုန်တောင်ပိုင်းခရိုင် ကရင်ပြည်သူ့ပါတီမှ ဥက္ကဖြစ်သူ ဦးမန်းအုန်းမြင့်သိန်းတို့အား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ပိုင်နက်ကျူးကျော်မှု ပုဒ်မ ၄၄၇ ဖြင့် တရားစွဲဆိုခဲ့ပါသည်။ စစ်တပ်မှ သိမ်ဆည်းခဲ့သည့် ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်ရှိ ရေတွင်းကုန်းနှင့် အဘောကျေးရွာများမှ မြေယာများပေါ်တွင် လယ်သမားများမှ ထွန်တုံးတိုက်ပွဲ ဆင်နွှဲခဲ့ကြခြင်းဖြစ်ပြီး၊ ဦးမန်းအုန်းမြင့်သိန်းမှ လယ်သမားများ ၎င်းတို့မြေယာများ ပြန်လည်ရရှိ ကူညီခဲ့ခြင်းသာ ဖြစ်ကြောင်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

### ကျေးရွာ ဖျက်ဆီးခံရပြီး ရွာသားလေးဦး ဆေးရုံတင်ရ

၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် ရန်ကုန်တိုင်း၊ ရွှေပေါက်ကံမြို့နယ်၊ ဆင်ဖုန်ကျေးရွာရှိ အငြင်းပွါးဖွယ်ရာ မြေယာကိစ္စနှင့်စပ်လျဉ်းပြီး ဇေကမ္ဘာကုမ္ပဏီမှ လုံခြုံရေးဝန်ထမ်း ၅၀၀ ခန့်နှင့် ရွာသားတို့အကြား ခိုက်ရန်ဖြစ်ပွါးခဲ့ပြီးနောက် ရွာဖျက်ဆီးခံခဲ့ရသလို၊ ရွာသားလေးဦးနှင့် ဇေကမ္ဘာကုမ္ပဏီမှ ဝန်ထမ်းများ အပြင်းအထန်ဒဏ်ရာများရရှိပြီး ဆေးကုသမှု ခံယူနေရကြောင်း သိရှိရပါသည်။ လွန်ခဲ့သည့် ၁၇ နှစ်က ဒေသခံများ ပိုင်ဆိုင်သည့် မြေယာများအား အစိုးရအာဏာပိုင် တစ်ဦးပိုင်ဆိုင်သော ဇေကမ္ဘာကုမ္ပဏီ လီမိတက်မှ သိမ်းယူခဲ့ပြီး ဒေသခံများအား ပြောင်းရွှေ့ ခိုင်းခဲ့သော်လည်း အချို့ဒေသခံများမှ မပြောင်းရွှေ့ပဲ ဆက်လက်နေထိုင်ခဲ့ကြပါသည်။ ဒဏ်ရာရရှိသည့် ရွာသားများထဲမှ တစ်ဦးသည် မင်္ဂလာဒုံမြို့နယ် မြို့မရဲစခန်းတွင် တိုင်ချက်ဖွင့်ထားပြီး၊ ၎င်းတို့၏ဝန်ထမ်းများ ဒဏ်ရာရရှိခြင်းကြောင့် ဇေကမ္ဘာကုမ္ပဏီမှလည်း ပြန်လည်တိုင်ချက် ဖွင့်ထားကြောင်း သိရှိရပါသည်။ ရွာထဲရှိ အိမ် ၄၈ လုံးအား ကုမ္ပဏီလုံခြုံရေးတို့မှ ဖျက်ဆီးခဲ့ခြင်းကြောင့် ဒေသခံ ၄၀၀ တို့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး၊ ရွာအနီးရှိ ဘုန်းကြီးကျောင်း ခေတ္တခိုလှုံနေရကြောင်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၃ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*
*၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၄ ရက်၊ ဒီဗွီဘီ*

### ကိုယ့်ကိုယ်ကို မီးရှို့ပြီး ဆန္ဒပြခဲ့သည့် လယ်သမား၏ တူမများ ပိုင်နက်ကျူးလွန်မှုဖြင့် တရားစွဲခံရ

မေလ ၂၁ ရက်နေ့တွင် တောင်ကြီးမြို့ရှိ မြေယာသိမ်းဆည်းမှုအား ဆန့်ကျင်ဆန္ဒပြသည့်အနေဖြင့် ကိုယ့်ကိုယ်ကို မီးရှို့ခဲ့ပြီးနောက် သေဆုံးခဲ့သည့် လယ်သမားကြီး၏ တူမနှစ်ဦးဖြစ်သူ ဒေါ်မော်မော်ဦးနှင့် ဒေါ်စန်းစန်းမြင့်တို့အား ထိုနေ့တွင်ပင် ပိုင်နက်ကျူးကျော်မှု ပုဒ်မ ၄၄၇ နှင့် အကျိုးစီးပွါးပျက်ဆီးစေမှု ပုဒ်မ ၄၂၇ တို့ဖြင့် တရားစွဲဆိုခဲ့ကြောင်း သိရှိရပါသည်။ ၎င်းတို့နှစ်ဦးမှ တရားစွဲဆိုခံရကြောင်းကို ဇွန်လတွင်မှ သိရှိခဲ့ပြီး အခြားလယ်သမားများ ခွင့်ပြုချက်မရှိပဲ လယ်ယာလုပ်ကိုင်နေကြသော်လည်း တရားစွဲဆိုခြင်း မခံရပဲ၊ သူတို့နှစ်ဦးသာ ခွင့်ပြုချက်မရရှိပဲ လယ်ယာမြေအတွင်း လုပ်ကိုင်နေခြင်းကြောင့်ဟုဆိုပြီး တရားစွဲခံခဲ့ရခြင်း ဖြစ်ပါသည်။ ဒေါ်မော်မော်ဦးမှ သူတို့၏ဦးလေးနှင့်စပ်လျဉ်းပြီး သူတို့အား အာဏာပိုင်တို့မှ ဦးတည်တရားစွဲခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ဒေသခံရဲချုပ် ထွန်းမြတ်ကျော်မှ ဒေါ်မော်မော်ဦးနှင့် ဒေါ်စန်းစန်းမြင့်တို့ ပိုင်နက်ကျူးလွန်မှုဖြင့် တရားစွဲဆိုခံရကြောင်း သို့သော်လည်း အကျိုးစီးပျက်ဆီးစေမှုဖြင့် တရားစွဲခံရကြောင်းမှာ မသေချာကြောင်း အတည်ပြုပြောကြားလိုက်ပါသည်။
*၂၀၁၅ ခုနှစ်၊ ဇွန်လ ၂ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ ဇွန်လ ၂ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*

### တရုတ်ပိုင်ကုမ္ပဏီအား ဖိအားပေးဝေဖန် ပြောကြားပြီးနောက် လူသုံးဦး တရားစွဲဆိုခံရ

မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံခြင်းဆိုင်ရာ အစည်းအရုံး (MATA) အဖွဲ့ဝင် ကိုတင့်အောင်စိုး၊ ရွာသားများဖြစ်ကြသော ကိုခိုင်မိုးဦးနှင့် ကိုသော်တာအောင်တို့အား မေလကုန်ပိုင်းတွင် ပိုင်နက်ကျူးလွန်မှု၊ လျှောက်လမ်းတွင် နှောင့်ယှက်တားမြစ်မှုတို့ဖြင့် ဆားလင်းကြီးမြို့နယ်ရဲစခန်းမှ တရားစွဲဆိုထားကြောင်း သိရှိရပါသည်။ ၎င်းတို့သုံးဦးသည် Myanmar Yang Tse (MYTCL) ကော့ပါး ကုမ္ပဏီ လီမိတက်အနေဖြင့် မြေယာအရေးကိစ္စများ၊ နယ်မြေအတွင်းနှင့် ဒေသအတွင်း တိုးတက်မှုများ၊ အလုပ်သမားအသစ် ခေါ်ယူစုဆောင်းမှုများ၊ ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တန့်နိုင်စွမ်းများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ပိုမိုထုတ်ပြန်ရန် ကုမ္ပဏီအား ဝေဖန် ပြောကြားလိုက်ပြီးနောက် ထိုကဲ့သို့ တရားစွဲဆိုခံလိုက်ရခြင်းဖြစ်သည်။
*၂၀၁၅ ခုနှစ်၊ ဇွန်လ ၂ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)*

# အရေးပါသော နိုင်ငံတကာဆိုင်ရာ တိုးတက်မှုများ

### အမေရိကန်သမ္မတဟောင်း Mr. Bush မှ မဖြိုးဖြိုးအောင် ချက်ခြင်းလွတ်မြောက်ရန် တောင်းဆို

အမေရိကန်သမ္မတဟောင်း Mr.George Bush မှ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (ဗ-က-သ) ၏ အထွေထွေအတွင်းရေးမှူး မဖြိုးဖြိုးအောင် ချက်ခြင်း လွတ်မြောက်ရန်အတွက် တောင်းဆိုလိုက်ပြီး မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ပြီးမျှတမှုရှိသည့် ရွေးကောက်ပွဲ ကျင်းပရန်အတွက်လည်း တောင်းဆိုလိုက်ပါသည်။
*၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်၊ ဗွီအိုအေ*

### ဒုတိယအကြိမ် မြန်မာ-ဥရောပသမဂ္ဂ လူ့အခွင့်အရေး ဆွေးနွေးမှု နေပြည်တော်တွင် ကျင်းပ

ဒုတိယအကြိမ် မြန်မာ-ဥရောပသမဂ္ဂ လူ့အခွင့်အရေး ဆွေးနွေးမှုအား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနရုံးတွင် ဇွန်လ ၁၈ ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ချက်ရီပက်ဘလစ်၊ ပြင်သစ်၊ စပိန်၊ ဘယ်လ်ဂျီယမ်နှင့် နယ်သာလန်နိုင်ငံများမှ တာဝန်ရှိသူများ ထိုဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြပါသည်။ အလုပ်သမားနှင့် မြေယာအခွင့်အရေးများ၊ မြေထဲပင်လယ်နှင့် အိန္ဒိယ သမုဒ္ဒရာအတွင်း တရားမဝင်ပြောင်းရွှေ့နေထိုင်သူများ၊ အကျဉ်းထောင်အတွင်း သင်တန်းများ၊ ရခိုင်ပြည်နယ်အတွင်း လူမှုအထောက်အကူနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကြိုးပမ်းချက်များ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံနှုန်းများကို ကျင့်သုံးရာတွင် ပါဝင်ဆောင်ရွက်ရန်နှင့် အားလုံးပါဝင်သည့် ဆွေးနွေးပွဲတွင် ပူးပေါင်းဆောင်ရွက်ရန် စသဖြင့် ကဏ္ဍများစွာအား တက်ရောက်သူများမှ ဆွေးနွေးခဲ့ကြပါသည်။
*၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်၊ The Global New Light of Myanmar (အင်္ဂလိပ်)*

### အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး အဖွဲ့ကြီးမှ မြန်မာနိုင်ငံအတွင်း သတင်းမီဒီယာ ကန့်သတ်ပိတ်ပင်မှုအား ဝေဖန်ရှုံ့ချ

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး အဖွဲ့ကြီးမှ ဇွန်လ ၁၆ ရက်နေ့တွင် အစီရင်ခံစာ တစ်ခုထုတ်ပြန်ခဲ့ပြီး ရွေးကောက်ပွဲ မတိုင်မီကာလတွင် သတင်းမီဒီယာများအား မြန်မာအစိုးရမှ ခြိမ်းခြောက်မှု၊ နှောင့်ယှက်မှု၊ ကြောက်ရွံ့သွားစေရန် ထောင်ဒဏ်ချမှတ်မှုများကို အစီရင်ခံစာမှ ဝေဖန်ရှုံ့ချခဲ့ပါသည်။ အနည်းဆုံး သတင်းထောက် ၁၀ ဦးသည် ပြီးခဲ့သည့် ၁၂ လအတွင်း ထောင်ဒဏ်များ ချမှတ်ခံရကာ၊ လက်ရှိအချိန်တွင် အကျဉ်းကျခံနေရခြင်းနှင့်အတူ လွတ်လပ်စွာ ထုတ်ဖော်ခွင့်အား ကန့်သတ်ပိတ်ပင်မှုများသည် ပြီးခဲ့သည့် နှစ်အတွင်း ပိုမိုပြင်းထန်လာကြောင်း ထိုအစီရင်ခံစာမှ ဝေဖန်ထောက်ပြခဲ့ပါသည်။ စာပေစီစစ်ရေးမရှိတော့သော်လည်း အစိုးရအား ဝေဖန်ဆန့်ကျင်သည်ဟု ယူဆသည့် သတင်းထောက်များ၏ ရေးသားချက်နှင့် သတင်းဂျာနယ်များအတွင်း ထုတ်ပြန်ချက်များကို အစိုးရမှ ခေါင်းမာစွာဖြင့် တရားစွဲဆို ထောင်ဒဏ်ချမှတ်မှုများ ပြုလုပ်လျက်ရှိပါသည်။

"မြန်မာနိုင်ငံရဲ့ ဒီကနေ့အခြေအနေကို ကျနော်တို့ မြင်တာက ဖိနှိပ်မှုကို တိုးတက်မှုအဖြစ် အရေခြုံထားတာပဲ" ဟု အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး အဖွဲ့ကြီး၏ အရှေ့တောင်အာရှ သုတေသန ဒါရိုက်တာ Rupert Abbott မှ ပြောကြားလိုက်ပါသည်။ "အာဏာပိုင်တွေက ခုချိန်အထိ အရင်နည်းလမ်း အဟောင်းတွေဖြစ်တဲ့ ဖမ်းဆီးတာ၊ စောင့်ကြည့်တာ၊ ခြိမ်းခြောက်တာနဲ့ စိတ်မသက်မသာဖြစ်စရာ အကြောင်းအရာတွေကို သတင်းရေးသားတဲ့ သတင်းထောက်တွေကို အသံတိတ်သွားအောင် ထောင်ချလိုက်တာတွေကိုပဲ သုံးနေတုန်းပဲ" ဟု ၎င်းမှ ဆက်လက်ပြောကြားခဲ့ပါသည်။ ၂၀၁၄ ခုနှစ်မှ အစပြုပြီး အနည်းဆုံး သတင်းထောက် ၁၀ ဦးအား ရာဇဝတ်မှု ပုဒ်မများ၊ "ရှင်းရှင်းလင်းလင်းမရှိသော ပြင်ဆင်ဖန်တီးထားသော ပုဒ်မများနှင့်" ထောင်ဒဏ် ၂ နှစ်မှ ၇ နှစ်အထိ ချမှတ်ခဲ့ကြောင်းနှင့် စစ်အကျဉ်းစခန်းအတွင်း အလွတ်သတင်းထောက် ကိုပါကြီး သေဆုံးမှုများအား အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး အဖွဲ့ကြီးမှ ပြောကြားခဲ့ပါသည်။
*၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး အဖွဲ့ကြီး (အင်္ဂလိပ်)*

### မဖြိုးဖြိုးအောင် ပြည်သူ့ဂုဏ်ရည်ဆု ရရှိ

အမေရိကန်အခြေစိုက် ပြည်သူ့ဂုဏ်ရည်ဆု ပေးရေးအဖွဲ့မှ ပညာရေးပြုပြင်ရေးအတွက် အားထုတ်လုပ်ဆောင်မှုများ၊ ထိရောက်ကျယ်ပြန့်မှုရှိသည့် လှုပ်ရှားမှုအား ဦးဆောင်မှုနှင့် နိုင်ငံသားတိုင်းအတွက် စံနမူနာယူ စရာဖြစ်စေသောကြောင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂများအဖွဲ့ချုပ် (ဗ-က-သ) ၏အတွင်းရေးမှူး မဖြိုးဖြိုးအောင်အား ၂၀၁၅ ခုနှစ်အတွက် ပြည်သူ့ဂုဏ်ရည်ဆုအား ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ လူမှုအသိုင်းအဝိုင်းအား ကူညီနေသည့် သူမ၏လုပ်ဆောင်ချက်များအား အထောက်အကူ ဖြစ်စေရန် အတွက် သူမအား ဆုနှင့်အတူ ငွေသား ဒေါ်လာတစ်သောင်း ချီးမြှင့်ခဲ့ပါသည်။ မဖြိုးဖြိုးအောင်သည် သာယာဝတီ အကျဉ်းထောင်အတွင်း ဖမ်းဆီးထိန်းသိမ်း ခံနေရပြီး ထောင်ဒဏ်ချမှတ်မည်ဆိုပါက ထောင်ဒဏ် ၉ နှစ်ခွဲ ကျခံနိုင်ရဖွယ် ရှိနေကြောင်းလည်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ ဇွန်လ ၈ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ ဇွန်လ ၈ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*

# နိဂုံးချုပ်နှင့်သုံးသပ်ချက်

ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ရန် လွှတ်တော်မဲပေးမှု ရလဒ်သည် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် မြန်မာပြည်တွင်း၏ အမြင်တွင် အနည်းငယ်မျှသာ အံ့အားသင့်မှု ဖြစ်စေခဲ့ပြီး၊ မဲရလဒ်မှ ဖွဲ့စည်းပုံပြင်ဆင်ရေးအပေါ် စစ်တပ်၏ ဩဇာအာဏာသက်ရောက်မှုကို ပြသသည်သာမက ၂၀၁၅ ခုနှစ် သမ္မတ ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည် ယှဉ်ပြိုင်နိုင်ခွင့် မရရှိရန်အတွက်ပါ သေချာသွားစေပါသည်။ မဲရလာဒ်အား ကြိုတင်ခန့်မှန်းထားသော်လည်း ထိုရလာဒ်မှ အကျိုးဆက်များ ဆက်လက်ဖြစ်ပေါ်လျက်ရှိပါသည်။ ထိုရလာဒ်သည် လာမည့်ရွေးကောက်ပွဲအပေါ် အကြီးအကျယ် သက်ရောက်စေသည်သာမက သမ္မတဦးသိန်းစိန်အစိုးရသည် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ရန် အမှန်တကယ် ရည်ရွယ်ချက် မရှိကြောင်းကိုလည်း ပြသလျက်ရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လက်ရှိအခြေအနေသည် စစ်တပ်ကို ဩဇာအာဏာ ဆက်လက် အပ်နှင်းထားပြီး၊ တိုင်းပြည်၏ ဒီမိုကရေစီအပြောင်းအလဲအတွက် အဓိက အတားအဆီး ဖြစ်နေသလို၊ လာမည့်ရွေးကောက်ပွဲသည် လွတ်လပ်၍ မျှတသည်ဆိုသည့် အာမခံချက် မရှိသောကြောင့် ထိုဖွဲ့စည်းပုံ၏ လက်ရှိအခြေအနေသည် ရွေးကောက်ပွဲအတွက်လည်း သတိပေးမှုတစ်ခုဖြစ်လျက်ရှိပါသည်။

ပြီးခဲ့သည့် လအနည်းငယ်တွင် တရားစွဲခံရပြီး လက်ရှိအချိန်တွင် တရားရင်ဆိုင်နေရသည့် နိုင်ငံရေး တက်ကြွလှုပ်ရှားသူများအား (တစ်ချို့သည် လွန်ခဲ့သည့် တစ်နှစ်ကျော်ကတည်းကပင် တရားစွဲခံထားရသည်။) ဖမ်းဆီးထိန်းသိမ်းထားခြင်းမှ လာမည့်ရွေးကောက်ပွဲသည် လွတ်လပ်မျှတနိုင်မည် မဟုတ်ကြောင်း အကြောက်တရားများကို ပိုမိုဖြစ်ထွန်းစေပါသည်။ ထို့ကြောင့် ရွေးကောက်ပွဲ မကျင်းပမီအချိန်တွင် ဖမ်းဆီးမခံရသေးသည့် တက်ကြွ လှုပ်ရှားသူများအား ခြိမ်းခြောက်နှောင့်ယှက်ခြင်း၊ အကျဉ်းထောင်အတွင်း ထိန်းသိမ်းထားခြင်းကို အစိုးရမှ ပြုလုပ်နိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ရန် ဆန့်ကျင်သည့် လုပ်ရပ်အပြင် အထက်ပါလုပ်ရပ်သည် လက်ရှိအစိုးရမှ မြန်မာနိုင်ငံအတွက် အတုအယောင် ဒီမိုကရေစီ အကူးအပြောင်းကိုသာ ချည်းကပ်နေခြင်းဖြစ်ကြောင်း ပြသလျက်ရှိပါသည်။ သတင်းထောက်များကို ထိန်းသိမ်းခြင်းနှင့် သတင်းမီဒီယာတို့၏ လှုပ်ရှားမှုများကို ကန့်သတ်သည့် အစိုးရ၏ ထပ်မံလုပ်ဆောင်မှုများသည် အစိုးရမှ စစ်မှန်ပြီးကြာရှည်ခံသော အပြောင်းအလဲကို အမှန်တကယ် ပြုလုပ်မည်ဆိုသည့် စိတ်ကူးအား လက်ရှိအချိန်တွင် အနည်းငယ်သာ အထောက်အကူပြုလျက်ရှိပါသည်။

ထို့အပြင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့မှ သတင်းထောက်များအား တားမြစ်ထားပြီး၊ အစိုးရကို ဆန့်ကျင်ရေးသားခဲ့သည့်အတွက် ၎င်းတို့၏ နေ့စဉ်သတင်းစာ ဆက်လက် တရားရင်ဆိုင်နေရသည်ကို သတင်းထုတ်ပြန်ရေးသားခဲ့ခြင်းကြောင့် သတင်းထောက် ၁၇ ဦးတို့သည် တရားရုံးတော်ကို မထေမဲ့မြင်ပြုလုပ်မှု စွပ်စွဲချက်ဖြင့် တရားရင်ဆိုင်နေရပါသည်။ ပြီးခဲ့သည့် လအနည်းငယ်အတွင်း သတင်းမီဒီယာအပေါ် ကန့်သတ် တားမြစ်မှုများလာခြင်းအား အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ကြီးမှ ၎င်းတို့ထုတ်ပြန်သည့် အစီရင်ခံစာတွင် ရေးသားပြီး ဝေဖန်ခဲ့ပါသည်။

အကျဉ်းထောင်တွင်း အခြေအနေများသည် အလွန်စိုးရိမ်ရသည့်အခြေအနေတွင် ရှိနေသောကြောင့် မတ်လ ၁၀ ရက်နေ့၊ လက်ပံတန်းမြို့ ဖြိုခွဲမှုမှ ဖမ်းဆီးတရားစွဲခံလိုက်ရသည့် ကျောင်းသားတို့၏အရေးသည် ယခုလတွင်လည်း အဓိက စိုးရိမ်စရာ အကြောင်းရင်းတစ်ရပ်အဖြစ် ဆက်လက်ရှိနေပါသည်။ ဖြိုခွဲမှုအတွင်း ရရှိခဲ့သည့်ဒဏ်ရာများအတွက် သင့်တော်သော ဆေးဝါးကုသမှု မရရှိခြင်းကြောင့် ဇွန်လတွင် ဖမ်းဆီးခံ တက်ကြွလှုပ်ရှားသူ နှစ်ဦး အရေးပေါ်ဆေးရုံတင်လိုက်ရကြောင်း သိရှိရပါသည်။ ထို့အပြင် လက်ပံတန်းဖြိုခွဲမှုအတွင်း ဖမ်းဆီးခံရသူများ၏ တရားရုံးချိန်းကာလများ ကြာရှည်နေရခြင်းသည် အစိုးရမှ ရွေးကောက်ပွဲ မတိုင်ခင် တက်ကြွလှုပ်ရှားသူများအား အကျဉ်းထောင်အတွင်း ဆက်လက်ဖမ်းဆီးထားရန် လုပ်ဆောင်နေကြောင်း ပြသလျက်ရှိပါသည်။

ရွေးကောက်ပွဲအချိန် နီးကပ်လာသော်လည်း တိုင်းပြည်မှ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ သွားနေကြောင်း အရိပ်လက္ခဏာ မပြသောကြောင့် နိုင်ငံရေးအကျဉ်းသား အရေအတွက်သည် ပုံမှန်တိုးမြှင့်နေသလို အခြေခံအခွင့်အရေးများဖြစ်သည့် လွတ်လပ်စွာ စုရုံးခြင်းနှင့် ထုတ်ဖော်ဆန္ဒပြခြင်းတို့အား ဆက်လက်ချိုးဖေါက်လျက်ရှိနေပါသည်။ အကယ်၍ ဒီမိုကရေစီ နည်းလမ်းကျကျ ဆန္ဒထုတ်ဖေါ်မှုများနှင့် စုရုံးမှုများအပေါ် လက်ရှိအမြင်အတိုင်းသာ ဆက်လက်ရှုမြင်နေမည်ဆိုပါက ယခုနှစ်ရွေးကောက်ပွဲသည် လွတ်လပ်တရားမျှတခြင်းများ ရှိနိုင်မည်မဟုတ်ပါ။

**ဆက်သွယ်မေးမြန်းရန်**

**တိတ်နိုင် အတွင်းရေးမှူး +၆၆(၀) ၈၁ ၂၈၇၈ ၇၅၁**

**ဘိုကြည် တွဲဘက်အတွင်းရေးမှူး +၆၆(၀) ၈၁ ၉၆၂၈ ၇၁၃**

**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)**

# အရေးပါသော ဆက်စပ်သတင်းများ ဖတ်ရန် Links

### ဇွန်လ၂ရက်

*တရုတ် ကုမ္ပဏီနှင့် ပက်သက်၍ ဝေဖန်ပြောကြားပြီးနောက် သုံးဦး တရားစွဲဆိုခံရ၊ မြန်မာတိုင်း (အင်္ဂလိပ်)*
*သတင်းထောက်များအား အထက်လွှတ်တော်မှ တားမြစ်၊ မြန်မာတိုင်း (အင်္ဂလိပ်)*
*ကိုယ့်ကိုယ်ကိုမီးရှို့ဆန္ဒပြခဲ့သောလယ်သမား၏ တူမနှစ်ဦး ပိုင်နက် ကျူးလွန်မှုဖြင့် တရားစွဲဆိုခံရ၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*ကိုယ့်ကိုယ်ကိုမီးရှို့ ဆန္ဒပြခဲ့သော လယ်သမား၏ တူမနှစ်ဦး ပိုင်နက် ကျူးလွန်မှုဖြင့် တရားစွဲဆိုခံရ၊ ဧရာဝတီ (အင်္ဂလိပ်)*
*စာရေးဆရာထင်လင်းဦး အလုပ်ကြမ်းနှင့် ထောင်ဒဏ် နှစ်နှစ် ပြစ်ဒဏ် ချမှတ်ခံရ၊ ဧရာဝတီ (အင်္ဂလိပ်)*

### ဇွန်လ ၃ ရက်

*ကျောင်းသားများအာမခံ ငြင်းပယ်ခံရ၊ဒီဗွီဘီ (အင်္ဂလိပ်)*

### ဇွန်လ ၄ ရက်

*တရုတ်သံရုံးရှေ့ ဆန္ဒပြသူများ ပြစ်ဒဏ် ချမှတ်ခံရ၊ အလဲဗင်း (အင်္ဂလိပ်)*

### ဇွန်လ ၅ ရက်

*ကျောင်းသားများအာမခံ ငြင်းပယ်ခံရ၊ ဒီဗွီဘီ (အင်္ဂလိပ်)*

### ဇွန်လ ၈ ရက်

*မဖြိုးဖြိုးအောင် ပြည်သူ့ ဂုဏ်ရည်ဆု ရရှိ၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*မဖြိုးဖြိုးအောင် ပြည်သူ့ဂုဏ်ရည်ဆု ရရှိ၊ ဧရာဝတီ (အင်္ဂလိပ်)*

### ဇွန်လ ၉ ရက်

*အကျဉ်းကျခံ တက်ကြွလှုပ်ရှားသူ နှစ်ဦး လက်ပံတန်းဖြိုခွဲမှုမှ ရရှိသောဒဏ်ရာများကြောင့် ဆေးရုံတင်ရ၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*အကျဉ်းကျခံ တက်ကြွလှုပ်ရှားသူ နှစ်ဦး လက်ပံတန်းဖြိုခွဲမှုမှ ရရှိသောဒဏ်ရာများကြောင့် ဆေးရုံတင်ရ၊ လွတ်လပ်တဲ့ အာရှအသံ (အင်္ဂလိပ်)*
*အကျဉ်းကျခံတက်ကြွလှုပ်ရှားသူ နှစ်ဦးလက်ပံတန်းဖြိုခွဲမှုမှ ရရှိသောဒဏ်ရာများကြောင့် ဆေးရုံတင်ရ၊ အလဲဗင်း မြန်မာ(အင်္ဂလိပ်)*
*အကြမ်းဖက်ဖြိုခွင်းမှု အတွက် ဗကသမှ ရဲတပ်ဖွဲ့အား တရားစွဲရန် စီစဉ်၊ မြန်မာတိုင်း (အင်္ဂလိပ်)*

### ဇွန်လ ၁၀ ရက်

*တရားမဝင် မြေတူးခြင်းအတွက် ဆရာတော်တစ်ပါး လူဝတ်လဲပြီး ထိန်းသိမ်းခံရ၊ ဘီဘီစီ*

### ဇွန်လ ၁၁ ရက်

*အကျဉ်းချခံတက်ကြွလှုပ်ရှားသူ နှစ်ဦး လက်ပံတန်းဖြိုခွဲမှုမှ ရရှိသောဒဏ်ရာများကြောင့် ဆေးရုံတင်ရ၊ ဧရာဝတီ (အင်္ဂလိပ်)*

### ဇွန်လ ၁၃ ရက်

*ကျေးရွာဖျက်ဆီးခံရပြီး ရွာသားလေးဦး ဆေးရုံတင်ရ၊ လွတ်လပ်တဲ့ အာရှအသံ*

### ဇွန်လ ၁၄ ရက်

*ကျေးရွာ ဖျက်ဆီးခံရပြီး ရွာသားလေးဦး ဆေးရုံတင်ရ၊ဒီဗွီဘီ*

### ဇွန်လ ၁၅ ရက်

*ဦးနေမျိုးကျော် ပုဒ်မ ၁၈ဖြင့် ပြစ်ဒဏ် ချမှတ်ခံရ၊ လွတ်လပ်တဲ့ အာရှအသံ*
*၈၈ မျိုးဆက်ခေါင်းဆောင် တစ်ဦးအပါအဝင် ဆန္ဒပြသူလေးဦး တရားစွဲဆိုခံရ၊ ဘီဘီစီ*

### ဇွန်လ ၁၆ ရက်

*မြန်မာပြည်တွင် မီဒီယာများကိုကန့်သတ်ထားခြင်းအား အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ ရှုံ့ချ၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (အင်္ဂလိပ်)*
*ကရင်ပါတီဥက္ကဋ္ဌနှင့် လယ်သမားဆယ့်ခုနစ်ဦး တရားစွဲဆိုခံရ၊ လွတ်လပ်တဲ့ အာရှအသံ*

### ဇွန်လ ၁၇ ရက်

*သတင်းထောက် ဆယ့်ခုနစ်ဦးတရားရုံးကို မထေမဲ့မြင်ပြုမှုဖြင့် တရားစွဲဆိုခံရ၊ ဧရာဝတီ (အင်္ဂလိပ်)*
*တရားမဝင် မြေတူးခြင်းအတွက် ဆရာတော်တစ်ပါး လူဝတ်လဲပြီး ထိန်းသိမ်းခံရ၊ မြန်မာတိုင်း (အင်္ဂလိပ်)*

### ဇွန်လ ၁၈ ရက်

*တရားရုံးတွင် လက်ထိတ်ခတ်ခြင်းသည် လူ့အခွင့်အရေးအား ဆန့်ကျင်ခြင်းဟု လွှတ်တော်အမတ်ပြောကြား၊ မြန်မာတိုင်း (အင်္ဂလိပ်)*

### ဇွန်လ ၁၉ ရက်

*မြန်မာ နှင့် ဥရောပသမဂ္ဂ ဒုတိယအကြိမ် လူ့အခွင့်အရေးဆွေးနွေးပွဲအား နေပြည်တော်တွင် ကျင်းပ၊ The Global New Light of Myanmar (အင်္ဂလိပ်)*
*ကျောင်းသားများ တောင်းဆိုသော အဓိကအချက်များမပါပဲ ပညာရေးပြင်ဆင်ချက် ဥပဒေအား ပါလီမန်တွင် ဆန္ဒမဲပေး၊ ဧရာဝတီ (အင်္ဂလိပ်)*
*ကျောင်းသားများ တောင်းဆိုသော အဓိကအချက်များမပါပဲ ပညာဥပဒေပြင်ဆင်ချက်အား ပါလီမန်တွင် ဆန္ဒမဲပေး၊လွတ်လပ်တဲ့ အာရှအသံ (အင်္ဂလိပ်)*

### ဇွန်လ၂၄ ရက်

*တက်ကြွလှုပ်ရှားသူ ကျောင်းသားများ ထောင်ဝင်စာ ပိတ်ခံရ၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*ရွှေတူးလုပ်သားများအား စစ်တပ်မှဖယ်ရှားခဲ့၊ လွတ်လပ်တဲ့ အာရှအသံ*

### ဇွန်လ၂၆ ရက်

*မဖြိုးဖြိုးအောင်အား အမြန်ဆုံးလွှတ်ပေးရန် သမ္မတဟောင်း Bush တောင်းဆို၊ ဗွီအိုအေ*

### ဇွန်လ ၂၇ ရက်

*မဲစာရင်းစစ်ဆေးပြီးနောက် NLD အဖွဲ့ဝင်နှစ်ဦး ပိုင်နက် ကျူးလွန်မှုဖြင့် တရားစွဲခံရ၊ လွတ်လပ်တဲ့ အာရှအသံ*
*မဲစာရင်းစစ်ဆေးသည့်အတွက် NLD အဖွဲ့ဝင်နှစ်ဦး ပိုင်နက်ကျူးလွန် မှုဖြင့် တရားစွဲခံရ၊ 7 Day Daily*

### ဇွန်လ ၃၀ ရက်

*အကျဉ်းကျခံတက်ကြွလှုပ်ရှားသူ နှစ်ဦး လက်ပံတန်းဖြိုခွဲမှုအတွင်း ရရှိသောဒဏ်ရာများကြောင့် ဆေးရုံတင်ရ၊ ဒီဗွီဘီ (အင်္ဂလိပ်)*